# မြစ်ရေကြီးမှုကြောင့် ပဲခူးမြို့တွင် ကျောင်းအချို့ပိတ်ထားရ

နေထူး
၃ ဩဂုတ် ၂၀၀၅ / ၁၈း၃၀

မြစ်ရေကြီးမှုကြောင့် ပဲခူးမြို့တွင် အိမ်ခြေ ထောင်နှင့်ချီ၍ ရေမြုပ်နေပြီး အခြေခံပညာကျောင်း အချို့ ပိတ်ထားရသည်။

ဇူလိုင်လကုန်တွင် ပဲခူးမြစ်ရေလျှံ၍ စတင်ရေကြီးခြင်းဖြစ်ပြီး ပဲခူးမြို့အနိမ့်ပိုင်း ကျောက်ကြီးစု ရပ်ကွက်အရှေ့ပိုင်း၊ ဇိုင်းဂနိုင်းတောင်ပိုင်းနှင့် မြောက်ပိုင်း၊ မဇင်းနှင့် နန်းတော်ရာရပ်ကွက်တို့တွင် ရေမြုပ်လျက်ရှိကြောင်း ပဲခူးမြို့ခံများကပြောသည်။

အိမ်ခြေ (၅၀၀) ခန့်စီရှိသော မဇင်းနှင့် နန်းတော်ရာရပ်ကွက်တို့တွင် ရေအနက် (၆) ပေခန့် တက်နေပြီး နန်းတော်ရာအထက်တန်းကျောင်းနှင့် ကျောက်ကြီးစုရှိ မူလတန်းကျောင်း (၂) ကျောင်းတို့ကို ပိတ်ထားရကာ လူအများ လှေဖြင့်သွားလာနေကြရကြောင်း ပဲခူးမြို့ခံတဦးက ပြောသည်။

ပဲခူးတိုင်းတရားရုံးရှေ့နေ ဦးမြင့်လှက အစိုးရရော အန်ဂျီအိုအဖွဲ့အစည်းများကပါ ပဲခူးတွင် ရေဘေးသင့်သူများကို အကူအညီပေးခြင်း မရှိသေးဟုဆိုသည်။

ဦးမြင့်လှက "ပဲခူးမြောက်ဘက်မှာ ဇောင်းတူရေကာတာရှိတယ်။ တောင်ကျရေအကုန်လုံး မထိန်းနိုင်ဘူး။ ပဲခူးမှာ နှစ်တိုင်းရေကြီးတာပဲ။ အဲဒီရေကာတာသာကျိုးသွားရင် ရွှေမော်ဓောဘုရားပါ မြုပ်သွားလိမ့်မယ်" ဟု ပြောကြားသည်။

ယမန်နှစ်က အန်အယ်လ်ဒီအဖွဲ့မှ အကူအညီ လာရောက်ပေးအပ်ခဲ့ကြောင်း၊ သို့သော် အာဏာပိုင်များက ၎င်းတို့ကို အကြောင်းမကြားသောကြောင့်ဟုဆိုကာ ပိတ်ပင်တားမြစ်ရန် ကြိုးစားခဲ့သည် ဟုဆိုသည်။

မိုးသည်းထန်၍ ပဲခူးရိုးမမှ တောင်ကျချောင်းရေများကြောင့် ပဲခူးမြစ်ရေလျှံပြီး ပဲခူးမြို့တွင် နှစ်စဉ် ရေကြီးလေ့ရှိသည်။

ပဲခူးမြစ်ရေကြီးမှုကြောင့် ဒိုက်ဦး၊ ဝေါ၊ သနပ္ပင်နှင့် မဒေါက်မြို့နယ်တို့တွင်လည်း ရေကြီးနေကြောင်း သိရသည်။ ■